# အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်းထပ်မံတွေ့ရှိရသော အာရှရွှေကြယ်အမှတ်တံဆိပ် အဆစ်အမျက်ရောင်ရောဂါသောက်ဆေးသည် ပင်ရင်းလိပ်စာဖော်ပြမထားခြင်း၊ အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်- TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ ဆေးထုပ်တွင်ဖော်ပြထားသော ဆင်တုံးမနွယ်၊ ကွမ်းရွက်နှင့် နနွင်းခါးမတွေ့ရှိခြင်း၊ ဆေးထုပ်တွင်ဖော်ပြမထားသော နံသာဖြူ၊ နံသာနီ၊ ခရေ၊ လေးညှင်း၊ ပဲနံသာ၊ ကွမ်းစားဂမုန်း၊ နွယ်ချို၊ ကံကော်ဝတ်ဆံတို့ကို တွေ့ရှိရခြင်းနှင့် အနောက်တိုင်းဆေး Paracetamol ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက် မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့်အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | အာရှရွှေကြယ် | အဆစ်အမျက်ရောင်ရောဂါသောက်ဆေး | ဆေးမှုန့်/ထုပ် | အာရှရွှေကြယ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး | Paracetamol |
| ဘေးထွက်ဆိုးကျိုးအနေဖြင့် အသည်းထိခိုက်ပျက်စီးခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးခြင်းများ ဖြစ်စေနိုင်ပါသည်။ | | | | | |




**Paracetamol ရောနှောသည့် ဆေးထုပ်နမူနာ**

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

DTM